မန္တလေးတိုင်းဒေသကြီး သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်းဥပဒေကြမ်း

(၂၀၂၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ------- ။)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ရက်

(၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ရက်)

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မန္တလေးတိုင်းဒေသကြီး သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်ထောင်စုဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **တိုင်းဒေသကြီး** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ဝန်ကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး သတ္တုရေးရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်သော ပုဂ္ဂိုလ်ကို ဆိုသည်။

(စ) **ဦးစီးဌာန** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာနကို ဆိုသည်။

(ဆ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဇ) **လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသော အဖွဲ့ကို ဆိုသည်။

(စျ) **သတ္တု** ဆိုသည်မှာ ရွှေ၊ ငွေ၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ခနောက်စိမ်း၊ ခရိုမီယမ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ဆောင်ရွက်ခွင့်ပြုသည့် သတ္တုများလည်း ပါဝင်သည်။

(ည) **စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း** ဆိုသည်မှာ ထုံးကျောက်၊ ဂေါဒန်ကျောက်၊ ဘရိုက်တီးကျောက်၊ မင်းဂနိုင်းစ်ဒိုင်အောက်ဆိုဒ်၊ ဒိုလိုမိုက်၊ မီးခံရွှံ့စေး၊ မီးခံမြေစေး၊ ရွှံ့စေးဖြူ၊ မြေဖြူ၊ မြေနီ၊ မြေဝါ၊ ကန့်ကူဆံ၊ မြေဖယောင်း၊ ကျောက်ဂွမ်း၊ လချေးဖြူ သို့မဟုတ် လချေးညို၊ ကျောက်မီးသွေး၊ ဂဝံကျောက်၊ သဲကျောက်၊ ကျောက်ချဉ်၊ ဘောက်ဆိုက်၊ ဖလိုရိုက်၊ ကြွေကျောက်၊ ကန့်၊ ဆိုဒါပြာ၊ ဖော့စဖိတ်၊ ဖန်ချက်သဲ၊ ကွာဇိုက်၊ ပိုဇိုလန်၊ ဆေးဒန်း၊ မာဘယ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ဆောင်ရွက်ခွင့်ပြုသည့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းများလည်း ပါဝင်သည်။

(ဋ) **ကျောက်** ဆိုသည်မှာ ထုံးကျောက် (အလှဆင်)၊ သလင်းကျောက်၊ ဂရက်နိုက်ကျောက်၊ မာဘယ်ကျောက်၊ လိပ်သဲကျောက်၊ ဂဝံကျောက်၊ သင်ပုန်းကျောက်၊ ပိုင်ရော့ဆိနိုက်၊ ဆာပင်တီနိုက်၊ ဟွန်းဖလင်းဒိုက်၊ ပယ်ရီဒိုတိုက်၊ အင်ဒီဆိုက်၊ ဗဆော့၊ ဒိုင်ယာဘော့စ်/ဒိုလာရိုက်၊ ဒိုင်အိုရိုက်၊ မွန်ဇိုနိုက်၊ ကာ့ဆီလီကိတ်၊ သဲကျောက်၊ သျှစ်ကျောက်၊ စရစ်လုံးကျောက်၊ ဂေါဒန်ကျောက်၊ အင်ကြင်းကျောက်၊ ရတနာတန်းမဝင်သော သလင်းအုပ်စုဝင်တွင်းထွက်များကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ဆောင်ရွက်ခွင့်ပြုသည့် အလှဆင်ကျောက်များလည်းပါဝင်သည်။ သို့ရာတွင် အလှဆင်ကျောက်ထုတ်လုပ်ရန် အဆင့်မမီသော လမ်းခင်းရာတွင်သာ အသုံးပြုလေ့ရှိသည့် ကျောက်များမပါဝင်။

(ဌ) **သတ္တုတွင်း** ဆိုသည်မှာ ဓာတ်သတ္တုတူးဖော်သည့်နေရာ ကလိုင် သို့မဟုတ် လုပ်ကွက်ကိုလည်းကောင်း၊ ဓာတ်သတ္တုတူးဖော်ရာတွင်ဖြစ်စေ၊ ဓာတ်သတ္တုတူးဖော်ရာနေရာ၊

ကလိုင် သို့မဟုတ် လုပ်ကွက်နှင့် တစ်ဆက်တစ်စပ်တည်းရှိသော နေရာတစ်ခုခု၌ ဓာတ်သတ္တုဆွဲတက်ပြုပြင်ရာတွင်ဖြစ်စေ လုပ်ကိုင်သည့်လုပ်ငန်းအရပ်ရပ်၊ အဆောက်အအုံ၊ မြေနေရာနှင့် စက်ပစ္စည်းကိရိယာများကိုလည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်များတူးဖော်သည့် ကျောက်ထုတ်စခန်းများလည်း ပါဝင်သည်။

(ခ) **ဓာတ်သတ္တု** ဆိုသည်မှာ မြေထုမှ တူးဖော်၍သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း ရရှိသည့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်များကို ဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်၊ မြစ်၊ ချောင်း၊ အင်းအိုင်ရှိ ရေအောက်ကြမ်းပြင်နှင့် ရေအောက်မြေမှ တူးဖော်ရရှိသည့် ဓာတ်သတ္တုများလည်း ပါဝင်သည်။

(ဂ) **ဓာတ်သတ္တုရှာဖွေခြင်း** ဆိုသည်မှာ ဓာတ်သတ္တုများနှင့် ဓာတ်သတ္တုသိုက်များအား လိုက်လံရှာဖွေခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် မြေသား၌ ဓာတ်သတ္တုတည်စွဲသည့် အရည်အသွေးကို စစ်ဆေးသော လုပ်ငန်းစဉ်များလည်း ပါဝင်သည်။

(ဃ) **ဓာတ်သတ္တု စမ်းသပ်တိုင်းတာခြင်း** ဆိုသည်မှာ ဓာတ်သတ္တုသိုက်တစ်ခု၏ အမျိုးအစား၊ တည်နေရာ၊ အရွယ်အစား၊ ပုံသဏ္ဌာန်၊ အရည်အသွေးနှင့် ပမာဏတို့ကို သိရှိနိုင်ရန် စမ်းသပ်ခြင်း၊ တိုင်းတာခြင်းတို့ကို ဆိုသည်။

(တ) **ဓာတ်သတ္တုထုတ်လုပ်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုရရှိရန်ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဓာတ်သတ္တုတူးဖော်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း လုပ်ငန်းအဆင့်တစ်ခုခု သို့မဟုတ် လုပ်ငန်းစဉ်အားလုံး ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။

(ထ) **အသေးစားထုတ်လုပ်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုဖြစ်ထွန်းမှုပမာဏ နည်းပါး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်မများသည့် စီးပွားရေးလုပ်ငန်းအဖြစ် သက်တမ်း ၁၀ နှစ်အထိ ခွင့်ပြုချက်ဖြင့် ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်။

(ဒ) **လက်လုပ်လက်စားထုတ်လုပ်ခြင်း** ဆိုသည်မှာ သာမန်လက်သုံးကိရိယာများကိုဖြစ်စေ၊ တည်ဆဲဥပဒေအရ သတ်မှတ်ထားသော မြင်းကောင်ရေအားထက်မပိုသည့် စက်ကိရိယာကိုဖြစ်စေ အသုံးပြု၍ ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်။

(ဓ) **ဆင့်တက်ပြုပြင်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုကို အရည်အသွေးအရဖြစ်စေ၊ တန်ဖိုးအရဖြစ်စေ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် သတ္တုရိုင်းများကို သတ္တုသန့်စင် သို့မဟုတ် သတ္တုစင်များ ဖြစ်လာစေရန် ဆေးကြောခြင်း၊ သန့်စင်ခြင်း၊ ကျိုချက်ခြင်း၊ ချွတ်ခြင်း၊ လျှပ်ကူးခြင်းနှင့် ပုံသွင်းခြင်း လုပ်ငန်းစဉ်များလည်း ပါဝင်သည်။

(န) **ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်း** ဆိုသည်မှာ ထုတ်လုပ်သည့် ဓာတ်သတ္တုများကို ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်းများကို ဆိုသည်။

(ပ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုအစိုးရနှင့် အစိုးရအဖွဲ့တို့၏ ဓာတ်သတ္တုသယံဇာတရေးရာမူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ ရရှိစေရန်၊

(ဂ) ဓာတ်သတ္တုထုတ်ကုန်များ ပိုမိုထုတ်လုပ်စေခြင်းဖြင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်ရန်၊

(ဃ) ဓာတ်သတ္တုသယံဇာတပစ္စည်းများနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(င) ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်း၏ လျှောက်ထားချက်များအား စိစစ်ခွင့်ပြုနိုင်ရန်နှင့် ကြီးကြပ်ကွပ်ကဲရန်၊

(စ) ဓာတ်သတ္တုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု နည်းနိုင်သမျှ နည်းပါးစေရန်၊

(ဆ) တရားမဝင် ဓာတ်သတ္တုတူးဖော်ခြင်းများ လျော့နည်းပပျောက်စေရန်။

အခန်း(၃)

လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီးလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က)	ဝန်ကြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့	ဥက္ကဋ္ဌ
(ခ)	ညွှန်ကြားရေးမှူး တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	အဖွဲ့ဝင်
(ဂ)	ညွှန်ကြားရေးမှူး တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန	အဖွဲ့ဝင်
(ဃ)	ညွှန်ကြားရေးမှူး တိုင်းဒေသကြီးသစ်တောဦးစီးဌာန	အဖွဲ့ဝင်
(င)	ညွှန်ကြားရေးမှူး တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန	အဖွဲ့ဝင်
(စ)	ညွှန်ကြားရေးမှူး တိုင်းဒေသကြီးဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန	အဖွဲ့ဝင်
(ဆ)	ဒုတိယအထွေထွေမန်နေဂျာ တိုင်းဒေသကြီးအမှတ်(၂) သတ္တုတွင်းလုပ်ငန်း	အဖွဲ့ဝင်
(ဇ)	တာဝန်ခံ တိုင်းဒေသကြီးအမှတ်(၁)သတ္တုတွင်းလုပ်ငန်း	အဖွဲ့ဝင်

(စျ) ညွှန်ကြားရေးမှူး အတွင်းရေးမှူး

တိုင်းဒေသကြီးသတ္တုတွင်းဦးစီးဌာန

၅။ အစိုးရအဖွဲ့သည် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ကို လိုအပ်ပါကပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် မြို့နယ်လုပ်ကွက်စိစစ်ကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်လုပ်ကွက်တိုင်းတာရေးအဖွဲ့တို့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ပြီးယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များအား သတ်မှတ်ပေးရမည်။

၇။ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ခွင့်ပြုမိန့်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ခွင့်ပြုမိန့်လျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီ အထောက်အထားများ ပြည့်စုံမှန်ကန်မှု ရှိ မရှိ ဦးစီးဌာနကို စိစစ်တင်ပြစေခြင်း၊

(ခ) လျှောက်ထားသောမြေနေရာနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ သက်ဆိုင်ရာမြို့နယ်လုပ်ကွက်စိစစ်ကြီးကြပ်ရေးအဖွဲ့ကို စိစစ်ဆောင်ရွက်စေခြင်း၊

(ဂ) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက လုပ်ကွက်နယ်နိမိတ် ဧရိယာတိုင်းတာရန် သက်ဆိုင်ရာ မြို့နယ်လုပ်ကွက်တိုင်းတာရေးအဖွဲ့ကို ဆောင်ရွက်စေခြင်း၊

(ဃ) သတ်မှတ်ချက်အထောက်အထားများ ပြည့်စုံမှန်ကန်ပါက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

(င) အသေးစားမာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းများအတွက် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် သက်ဆိုင်ရာဦးစီးဌာန တာဝန်ခံအရာရှိနှင့် ခွင့်ပြုမိန့်ရရှိသူတို့အား သတ်မှတ်ချက်များနှင့်အညီ သဘောတူစာချုပ် ချုပ်ဆိုစေခြင်း၊

(စ) လက်လုပ်လက်စား မာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းများအတွက် ခွင့်ပြုမိန့်ရရှိသူအား စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရန် လက်မှတ်ရေးထိုးစေခြင်း။

၈။ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ခွင့်ပြုထားသော မာတ်သတ္တုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဓာတ်သတ္တုဆိုင်ရာ အခွန်အခများ စည်းကြပ်ကောက်ခံခြင်း၊

(ခ) လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်း၍ ခွင့်ပြုထားသော ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ တူးဖော်ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းဆိုင်ရာ ပတ်ဝန်းကျင်စီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းရေးကိစ္စ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးကိစ္စ၊ အလုပ်သမားများကိစ္စများကို ပုံမှန်စစ်ဆေးခြင်းနှင့် အခါအားလျော်စွာ စစ်ဆေးကြပ်မတ်ဆောင်ရွက်စေခြင်း၊

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်များ၊ ခွင့်ပြုမိန့်နှင့် စာချုပ်ပါ စည်းကမ်းချက်များအား ဓာတ်သတ္တုခွင့်ပြုမိန့်ရရှိသူက လိုက်နာရန်ပျက်ကွက်ပါက လုပ်ငန်းကို ဆိုင်းငံ့စေခြင်း၊ ဒဏ်ကြေးပေးဆောင်စေပြီး လုပ်ငန်းဆက်လက်ဆောင်ရွက်ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဃ) ဓာတ်သတ္တုခွင့်ပြုမိန့်ရရှိသူက သက်တမ်းမကုန်မီ လုပ်ငန်းရပ်နားခွင့်ပြုရန် သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် တင်ပြလာလျှင် သတ်မှတ်ချက်များနှင့်ညီညွတ်မှု ရှိ မရှိ ဦးစီးဌာနကို စိစစ်တင်ပြစေပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း။

၉။ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် အသေးစားထုတ်လုပ်ခြင်းနှင့် လက်လုပ်လက်စား ထုတ်လုပ်ခြင်းတို့ကို ဤဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ထ)၊ (ဒ) တို့နှင့်အညီ ခွဲခြားသတ်မှတ်ရမည်။ လုပ်ငန်းသက်တမ်း၊ လုပ်ငန်းလုပ်ကိုင်သည့် ဧရိယာအကျယ်အဝန်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏ၊ စက်ယန္တရား၊ စက်ကိရိယာအသုံးပြုမှုများကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ထည့်သွင်းသတ်မှတ်ရမည်။

၁၀။ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ရွှေသတ္တုမှအပ အခြားအသေးစား ဓာတ်သတ္တုရှာဖွေခြင်းနှင့် စမ်းသပ်တိုင်းတာခြင်းတို့ကို ခွင့်ပြုမိန့်အရ အဆင့်ဆင့်အောင်မြင်စွာ ဆောင်ရွက်ခဲ့သော လုပ်ငန်းရှင်က ယင်းလုပ်ကိုင်ခဲ့သောနေရာတွင် ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်

လျှောက်ထားလာလျှင် သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပြုရမည်။

အခန်း(၄)

ခွင့်ပြုမိန့်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၁၁။ သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်နှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဂယ်ယူခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၂။ ဓာတ်သတ္တုကို ကိုယ်တိုင်မထုတ်လုပ်ဘဲ ခွင့်ပြုမိန့်ဖြင့် ဓာတ်သတ္တုထုတ်လုပ်သူထံမှတစ်ဆင့် ဂယ်ယူပြီး ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းလုပ်ကိုင်သူသည် ရောင်းချခြင်းနှင့် ဂယ်ယူခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ကို သီးခြားလျှောက်ထားရမည်။

၁၃။ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်လျှောက်ထားသူသည် သက်ဆိုင်ရာမြေကို စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဂယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် သဘောတူညီမှုရရှိပြီးမှသာ လျှောက်ထားရမည်။

အခန်း(၅)

ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များ

၁၄။ ခွင့်ပြုမိန့်ရရှိသူသည် –

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) ခွင့်ပြုမိန့်နှင့် သက်ဆိုင်သောမြေအတွက် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ အခြေခံတွက်ချက် သတ်မှတ်ထားသောနှုန်းထားများအပေါ် မြေငှားရမ်းခကို ပေးဆောင်ရမည်၊

(ဃ) မြေဌားရမ်းခကို ခွင့်ပြုမိန့်တစ်ခုစီအတွက် သီးခြားပေးဆောင်ရမည်၊

(င) အာမခံငွေကိုဖြစ်စေ၊ ကြိုတင်ငွေကိုဖြစ်စေ၊ အာမခံငွေနှင့် ကြိုတင်ငွေနှစ်မျိုးလုံးကို ဖြစ်စေ ပေးဆောင်ရမည်၊

(စ) ပေးဆောင်ရမည့် ဓာတ်သတ္တုခွန်နှင့် အခြားအခကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီ ဓာတ်သတ္တုပစ္စည်း သို့မဟုတ် ငွေသားဖြင့် ပေးဆောင်ရမည်။

၁၅။ ခွင့်ပြုမိန့်ရရှိသူသည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည် -

(က) သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမားများ ခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခလစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

(ခ) သတ္တုတွင်း၌ မြေပေါ်၊ မြေအောက်အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(ဂ) သတ္တုတွင်း၌ ဘေးအန္တရာယ်နှင့် မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) ဓာတ်သတ္တုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရေးနှင့် အနည်းဆုံးဖြစ်စေရန် အလေးထား စီမံဆောင်ရွက်ခြင်း၊

(စ) နှစ်စဉ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် ရန်ပုံငွေထားရှိခြင်း၊

(ဆ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမရှိစေရန် အလေးထား ဆောင်ရွက်ခြင်း၊

(ဇ) နှစ်စဉ် လူမှုစီးပွားဖွံ့ဖြိုးရေးရန်ပုံငွေ ထားရှိခြင်း၊

(စျ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း ပြီးဆုံးသည့်အခါ သို့မဟုတ် ပိတ်သိမ်းသည့်အခါ လုပ်ငန်းမြေနေရာအား သတ္တုတွင်းပိတ်သိမ်းမှု အစီအစဉ်အတိုင်း မြေယာပြုပြင်ခြင်း၊ ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ အတွက် ရန်ပုံငွေထူထောင်၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးခြင်း၊

(ည) သတ္တုတွင်း၌ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆဖြစ်ပွားမှု ကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို လုပ်ကွက်စိစစ် ချထားပေးရေးအဖွဲ့သို့ သတင်းပို့အစီရင်ခံခြင်း၊

(ဋ) သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမားများ၏ အသက်ဆုံးရှုံးမှု၊ ကိုယ်ခန္ဓာထိခိုက်မှု အတွက် အာမခံထားရှိပေးခြင်း၊

(ဌ) စစ်ဆေးရေးအရာရှိ သို့မဟုတ် စစ်ဆေးရေးအရာရှိက တာဝန်ပေးအပ်သူ၏ စစ်ဆေးမှု ကို ခံယူခြင်း။

အခန်း(၆)

ဓာတ်သတ္တုထုတ်လုပ်ရန် မြေနှင့်ရေသုံးစွဲခွင့်

၁၆။ ခွင့်ပြုမိန့်ရရှိသူသည် ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် သက်ဆိုင်ရာမြေ နှင့်ပတ်သက်၍ အငြင်းပွားမှုများ ဖြစ်ပေါ်လာပါက တာဝန်ယူဖြေရှင်းဆောင်ရွက်ပြီးမှသာ လုပ်ကိုင် ခွင့်ရှိသည်။

၁၇။ ခွင့်ပြုမိန့်ရရှိသူသည် ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အများပြည်သူဆိုင်ရာရေကို ရယူသုံးစွဲရန်လိုအပ်ပါက လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရ မည်။

၁၈။ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ပုဒ်မ ၁၇ အရ တင်ပြချက်ကိုစိစစ်၍ ခွင့်ပြုမိန့်ရရှိသူက အများပြည်သူဆိုင်ရာရေကို ရယူသုံးစွဲရန် အမှန်တကယ်လိုအပ်နေကြောင်းတွေ့ရှိရပါက တည်ဆဲ ဥပဒေနှင့်အညီ ရေသုံးစွဲခွင့်ရရှိရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင် ရွက်ပေးရမည်။

အခန်း(၇)

ဓာတ်သတ္တုခွန်

၁၉။ ခွင့်ပြုမိန့်ရရှိသူသည် ရွှေ၊ ငွေ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ခဲ၊ ခနောက်စိမ်း၊ ခရိုမီယမ်သတ္တုများနှင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များ ထုတ်လုပ်ရရှိမှုအပေါ် အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့်နှုန်းထားများအတိုင်း ဓာတ်သတ္တုခွန် ပေးဆောင်ရမည်။

၂၀။ ပုဒ်မ ၁၉ အရ ဓာတ်သတ္တုခွန်ပေးဆောင်ခြင်းကို အပြည်ပြည်ဆိုင်ရာ သတ္တုစျေးနှုန်းအရ သတ္တုစင်ပါဝင်မှုရာခိုင်နှုန်းအပေါ်တွင် တွက်ချက်၍ ဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၂၁။ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဓာတ်သတ္တုဆိုင်ရာအခွန်အခများ စည်းကြပ်ကောက်ခံရမည်။

အခန်း(၈)

စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များ

၂၂။ စစ်ဆေးရေးအရာရှိသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကိုလည်းကောင်း၊ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့နှင့် ခွင့်ပြုမိန့်ရရှိသူတို့ ချုပ်ဆိုထားသော နှစ်ဦးသဘောတူစာချုပ်ပါ စည်းကမ်းချက်များကိုလည်းကောင်း ခွင့်ပြုမိန့်ရရှိသူက လိုက်နာခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ခ) သတ္တုတွင်း၌လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာရေး၊ သန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုမှကာကွယ်ရေး၊ သက်သာချောင်ချိရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို စစ်ဆေးခြင်း၊

(ဂ) တိုင်းဒေသကြီးအတွင်း စီမံဆောင်ရွက်ခွင့်ရှိသည့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်တို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်း၊

ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့်စနစ်နှင့် လူမှုရေးအရ ထိခိုက်မှုဆန်းစစ်သည့်စနစ်များကို စစ်ဆေးခြင်း၊

(ဃ) လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

အခန်း(၉)

စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၃။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ ၎င်း၏ကိုယ်စားစီမံအုပ်ချုပ်သူ သို့မဟုတ် အလုပ်သမားတစ်ဦးဦးကဖြစ်စေ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ သဘောတူစာချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ် သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ခွင့်ပြုမိန့်အရလုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဆိုင်းငံ့ထားစေခြင်း၊

(ခ) အာမခံငွေပမာဏအောက် မနည်းသော ဒဏ်ကြေးငွေ ပေးဆောင်စေပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ကိုပယ်ဖျက်၍ အာမခံငွေနှင့်ကြိုတင်ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ လိုအပ်သည်ဟု ယူဆလျှင် အာမခံငွေပမာဏအောက်မနည်းသော ဒဏ်ကြေးငွေကို ပေးဆောင်စေခြင်း။

အခန်း(၁၀)

အယူခံခြင်း

၂၄။ ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၂၃ အရ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

၂၅။ အစိုးရအဖွဲ့သည် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့က ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၆။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

အခန်း(၁၁)

တားမြစ်ချက် ထုတ်ပြန်ခြင်း

၂၇။ ဝန်ကြီးဌာနသည် ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းမှ ထွက်ရှိသည့် ဓာတ်သတ္တုများကို ဝယ်ယူခြင်း၊ ရယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးခြင်းတို့နှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တားမြစ်ချက်များ ထုတ်ပြန်နိုင်သည်။

အခန်း(၁၂)

ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၈။ (က) မည်သူမဆို အသေးစားထုတ်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်မရရှိဘဲ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်ဆယ်နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ်သိန်း ၅၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(၁) သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် ဆင့်တက်ပြုပြင်ခြင်း၊

(၂) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် ဆင့်တက်ပြုပြင်ခြင်း၊

(၃) ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် ဆင့်တက်ပြုပြင်ခြင်း၊

(၄) ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း ခွင့်ပြုမိန့်ရယူခြင်းမရှိဘဲ ဓာတ်သတ္တု ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း။

(ခ) မည်သူမဆို ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) ပါ ပြစ်မှုကို ထပ်မံကျူးလွန်ပါက တစ်ဆယ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ချမှတ်ရမည်။

၂၉။ မည်သူမဆို လက်လုပ်လက်စားထုတ်လုပ်ခြင်းအတွက် ခွင့်ပြုမိန့်မရရှိဘဲ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ကျပ်တစ်သိန်းအထိဖြစ်စေ ချမှတ်ရမည်။

၃၀။ (က) မည်သူမဆို ပုဒ်မ ၂၇ အရ ထုတ်ပြန်သော တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် သုံးနှစ်အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ်သိန်း ၂၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) မည်သူမဆို ပုဒ်မ ၃၀ (က) အရ တားမြစ်ချက်တစ်ရပ်ရပ်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ပါက ထောင်ဒဏ်အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံး ကျပ် သိန်း ၂၀ အထိ ချမှတ်နိုင်သည်။

၃၁။ အခန်း ၁၂ ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

အခန်း(၁၃)

အထွေထွေ

၃၂။ ခွင့်ပြုမိန့်ရရှိသူသည် ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် ခွင့်ပြုမိန့်ပါ ဓာတ်သတ္တုမှအပ အခြားဓာတ်သတ္တုနှင့် ရွေးဟောင်းအမွေအနှစ်ပစ္စည်းများတွေ့ရှိရပါက နိုင်ငံတော်ပိုင်ဖြစ်သည်ဟု မှတ်ယူရမည်။

၃၃။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့သိမ်းဆည်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပို့ခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ပြုနိုင်သည်။

၃၄။ ဤဥပဒေ မပြဋ္ဌာန်းမီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပေးထားသည့် သက်တမ်းမကုန်ဆုံးသေးသော လိုင်စင် သို့မဟုတ် ပါမစ်သည် သက်တမ်းကုန်ဆုံးသည့်နေ့အထိသာ အတည်ဖြစ်စေရမည်။

၃၅။ မြန်မာ့သတ္တုတွင်းဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၆။ ဤဥပဒေအရ ရရှိရှိသောငွေများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ဤကိစ္စအလို့ငှာ သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ပေးအပ်သောအရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။

၃၇။ ဦးစီးဌာနသည် ခတ်သတ္တုသယံဇာတများ ရေရှည်တည်တံ့နိုင်ရန်အလို့ငှာ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ကြပ်မတ်ခြင်း၊ တားဆီးခြင်း သို့မဟုတ် အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်း၊ သက်ဆိုင်ရာရဲတပ်ဖွဲ့နှင့် ညှိနှိုင်းပြီး အကူအညီရယူနိုင်သည်။

၃၈။ ခွင့်ပြုမိန့်ရရှိသူသည် လုပ်ငန်းဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအတွက် အခက်အခဲဖြစ်ပေါ်လာပါက လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ထံ တင်ပြနိုင်သည်။

၃၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် –

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

မျိုးအောင်

ဝန်ကြီးချုပ်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့